# Highlights from DVB Debate's National Education Act

## 1/24/2015

## "What is good and bad about the new National Education Act?"

"ဒီအမျိုးသားပညာရေးဥပဒေကို မကောင်းဘဲနဲ့တော့ ဘယ်သူမှမတင်ပါဘူး။ ဒါပေမယ့် တခုပြောချင်တာက ဆေးတက္ကသိုလ်မှာ ဆေးပညာရှင်တွေဦးဆောင်ဖို့၊ စက်မှုတက္ကသိုလ်ဆိုရင် စက်မှုပညာရှင်တွေပဲ ဦးဆောင် လုပ်နိုင်ဖို့လိုတယ်။ အခုက အစမ်းပညာရှင်တွေ ဦးဆောင်နေတယ်။"

ဒေါက်တာခင်ဇော် - အငြိမ်းစားပါမောက္ခချုပ်(ရန်ကုန်ပညာရေးတက္ကသိုလ်)

---

"ဥပဒေမထွက်ခင်မှာ ပညာရေးပြုပြင်ပြောင်းလဲမှုကွန်ရက်က နိုင်ငံလုံးအဆင့်ညီလာခံလုပ်တယ်. ဒီညီလာခံကနေ ထုတ်ပြန်ခဲ့တဲ့ အချက်တွေ လျစ်လျူရှုခံခဲ့ရတယ်။ အစိုးရထုတ်ပြန်သလို ၉၉ ကြိမ်ဆွေးနွေးပွဲလုပ်ခဲ့တယ်ဆိုပေမယ့် ဒီ ၉၉ ကြိမ်ဆွေးနွေးပွဲတွေမှာ လွတ်လပ်တဲ့ ပညာရှင်တွေ၊ ကျောင်းသားထုနဲ့ ဆရာထုအသံတွေမပါခဲ့ဘူး။"

ဒေါ်ဖြိုးဖြိုးအောင် - ဒီမိုကရေစီပညာရေးဦးဆောင်လှုပ်ရှားမှုကော်မတီ

---

"အမျိုးသားပညာရေးကော်မရှင်ရဲ့ လုပ်ပိုင်ခွင့်တွေမှာ သင်ရိုးညွှန်းတမ်းကိစ္စ၊ ကျောင်းဖွင့်ခွင့် ပိတ်ခွင့်တွေရမယ်ဆိုတော့ ကျောင်းတွေကို စီမံခန့်ခွဲနိုင်ခွင့်ပေးတယ်ဆိုသော်ငြား ရှေ့ဖုံးနောက်ဖော်ဖြစ်နေတယ်။ ပညာရေးကော်မရှင်ရဲ့ လုပ်ပိုင်ခွင့်ကို အဆုံးအစမရှိ မပေးထားစေချင်ဘူး။ လုပ်ပိုင်ခွင့်ကန့်သတ်စေချင်တယ်။"

ဒေါက်တာညိုညိုသင်း - ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အမတ်

---

"ကျောင်းသားတွေ တောင်းဆိုတဲ့အတိုင်း လုံးဝစီမံခန့်ခွဲမှုပေးလိုက်ရင် အခုလက်ရှိ ခန့်ထားတဲ့..ဥပမာ မြစ်ကြီးနားတို့၊ ပခုက္ကူတို့ဘက်က တက္ကသိုလ်ဆရာ/ဆရာမတွေ အလုပ်ပြုတ်သွားခဲ့ရင် သူတို့တွေက ဆန္ဒပြကြလိမ့်မယ်။"

ဒေါက်တာရင်ရင်နွယ် - သမ္မတရုံး ပညာရေးအကြံပေးအဖွဲ့ခေါင်းဆောင်

---

"အစိုးရက ကျန်းမာရေး၊ ပညာရေးနဲ့ စီးပွားရေး ဒီကဏ္ဍတွေမှာ ချုပ်ကိုင်ဖို့ ကော်မတီ၊ကော်မရှင် ဆိုတဲ့ အလွှာတခုခံပြီး ချုပ်ကိုင်တယ်။ အခု အမျိုးသားပညာရေးဥပဒေမှာလဲ အဲလိုပဲ

အမျိုးသားပညာရေးကော်မရှင်ဆိုတဲ့ အလွှာတခုခံပြီး ချုပ်ကိုင်ဖို့လုပ်နေတယ်၊ အလွှာတခုပါနေတာ ပြဿနာ။”

ဒေါ်ဖြိုးဖြိုးအောင် - ဒီမိုကရေစီပညာရေးဦးဆောင်လှုပ်ရှားမှုကော်မတီ

---

“ကျမတို့ယူဆချက်က သမဂ္ဂဖွဲ့စည်းရေးကိစ္စဟာ အမျိုးသားပညာရေးဥပဒေ မိခင်ဥပဒေမှာကိုပဲ ပါကိုပါရမယ်. တိတိကျကျ ဥပဒေထဲမှာ ထည့်ပေးသင့်တယ်လို့ ထင်တယ်။”

ဒေါ်ဖြိုးဖြိုးအောင် - ဒီမိုကရေစီပညာရေးဦးဆောင်လှုပ်ရှားမှုကော်မတီ

“မိခင်ဥပဒေမှာက အသေးစိတ်ကိုထည့်လို့မရဘူး။ ကျမတို့ ဥပဒေကို flexible ဖြစ်အောင်လုပ်ပေးထားတယ်။ နည်းဥပဒေမှာ ထည့်လို့ရမယ်လေ။ အမေရိကားလို နိုင်ငံမှာတောင် ဥပဒေမှာ အသေးစိတ် မထည့်ဘူး။”

ဒေါက်တာ ရင်ရင်နွယ် - သမ္မတရုံး ပညာရေးအကြံပေးအဖွဲ့ခေါင်းဆောင်

---

“အမျိုးသားပညာရေးဥပဒေနဲ့ ပတ်သက်လို့ အစိုးရနဲ့ လွှတ်တော် ဘော်လီဘော ပုတ်နေတယ်။ အစိုးရက မယုံကြည်လို့ စိုးရိမ်လို့ ဗဟိုချုပ်ကိုင်ထားဦးမယ်ဆိုရင် ကျမတို့တွေ ဘယ်တော့မှ capacity ပြည့်တော့မှာမဟုတ်ဘူး။”

ဒေါ်ခင်လေး - အမျိုးသမီးအရေးတက်ကြွလှုပ်ရှားသူ

---

“ကျနော်တို့ခေတ်က တက္ကသိုလ်ပါမောက္ခချုပ်တွေဟာ..ဥပမာ မန္တလေးပါချုပ်က ရန်ကုန်တက္ကသိုလ်ကို ရွှေ့ချင်၊ နေရာပြောင်းချင်ရင် ကိုယ့်တက္ကသိုလ်ကိုယ် အပြိုင်အဆိုင် အဆင့်မြင့်အောင် ပြိုင်ဆိုင်တယ်။ တက္ကသိုလ်တွေက အရမ်းတိုးတက်လာကြတယ်။ ဒါမှသာ တက္ကသိုလ်ဝန်ထမ်းသည် အစိုးရဝန်ထမ်းမဟုတ်တော့ဘဲ ရေရှည်သီးခြားရပ်တည်နိုင်တဲ့ တက္ကသိုလ်တွေဖြစ်လာမယ်။”

ဒေါက်တာဘိုးသိမ်း - စာရေးဆရာ

---